# နီပေါနိုင်ငံ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က ကျင်းပခဲ့သော နီပေါနိုင်ငံ၏ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ (Constituent Assembly Election 2013, Nepal)ကို စာရေးသူသည် နိုင်ငံတကာလေ့လာသူ (International Observer) တစ်ဦးအဖြစ် အကဲခတ်ခွင့် ရရှိခဲ့ပါသည်။ ကာတာစင်တာ (The Carter Center)က ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ရွေးကောက်ပွဲအကြောင်း မဖော်ပြမီ နီပေါနိုင်ငံနှင့် ကာတာစင်တာများနှင့်ပတ်သက်၍ အနည်းငယ် မိတ်ဆက်ပေးလိုပါသည်။

## နီပေါနိုင်ငံ

နီပေါနိုင်ငံ (Federal Democratic Republic of Nepal)၏ အကျယ်အဝန်းမှာ (၁၄၇,၁၈၁) စတုရန်းကီလိုမီတာ (မြန်မာနိုင်ငံ၏ - ၅ ပုံ ၁ ပုံခန့်)ရှိပြီး လူဦးရေသည် ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ၂၆,၄၉၄,၅၀၄ ရှိသဖြင့် လူဦးရေသိပ်သည်းခြင်း (population density)သည် ၁ စတုရန်းကီလိုမီတာလျှင် ၁၈၀ ခန့်ဖြစ်သည်။ ကိုးကွယ်သည့်ဘာသာအနေဖြင့် ဟိန္ဒူဘာသာ ၈၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ (၉)ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကီရတ်ဘာသာ (Kirat) ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ခရစ်ယာန် ၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားဘာသာ ငါးဘာသာ ၀ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်သည်။ နီပေါလူမျိုးများ၏ ပျမ်းမျှသက်တမ်းမှာ အမျိုးသား ၆၄ ဒသမ ၃၂ နှစ်ဖြစ်ပြီး အမျိုးသမီး ၆၆ ဒသမ ၆၇ နှစ်ဖြစ်သည်။ နိုင်ငံတော်၏ စုစုပေါင်း GDP (nominal)သည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၂၁ ဘီလီယံ (၂၀၁၂ ခုနှစ်ခန့်မှန်း)ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ GDP (nominal) သည် အမေရိကန်ဒေါ်လာ ၇၄၃ (၂၀၁၂ ခုနှစ်ခန့်မှန်း) ရှိသည်။

နီပေါနိုင်ငံတွင် ၂၀၀၈ ခုနှစ်က ရွေးကောက်ပွဲ ကျင်းပခြင်းဖြင့် နှစ်ပေါင်း (၂၃၉)နှစ်တိုင်တိုင် သက်ဆိုးရှည်ခဲ့သော သက်ဦးဆံပိုင်ဘုရင်စနစ်ကို အဆုံးသတ်ခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။

## ကာတာစင်တာ

ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးဖြစ်သူ ရိုစလင်းကာတာတို့က ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ကာတာစင်တာသည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး အမြတ်အစွန်းမယူသော အဖွဲ့အစည်းလည်း ဖြစ်သည်။ ကာတာစင်တာကို စီးပွားရေးလောကမှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ပညာတတ်ပုဂ္ဂိုလ်များ၊ အစိုးရအရာရှိဟောင်းများနှင့် နာမည်ကျော် ပရဟိတအလှူရှင်များ ပါဝင်သော ဂုဏ်ထူးဆောင်ဘုတ်အဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံပေါင်း (၇၀)ကျော်ရှိ ပြည်သူများ၏ ဘဝအဆင့်အတန်း မြင့်မားလာအောင် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းအဖွဲ့၏ နိုင်ငံတကာ ပဋိပက္ခများအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ဦးတည်ကြိုးပမ်းခဲ့မှု၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သမ္မတဟောင်း ဂျင်မီကာတာသည် ၂၀၀၂ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံရသည်။

ကာတာစင်တာသည် နိုင်ငံပေါင်း (၃၇) နိုင်ငံမှ ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ်မှစတင်၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။ နီပေါနိုင်ငံတွင် ၂၀၀၃ ခုနှစ်က စတင်ရုံးစိုက် ဆောင်ရွက်ခဲ့ပြီး ယခုကျင်းပပြီးစီးခဲ့သည့် နီပေါနိုင်ငံရွေးကောက်ပွဲသည် ကာတာစင်တာမှ နိုင်ငံတကာလေ့လာအကဲခတ်သူအဖြစ် ဆောင်ရွက်ခဲ့သော ၉၅ ခုမြောက် ရွေးကောက်ပွဲဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် နီပေါနိုင်ငံရွေးကောက်ပွဲအား ကာတာစင်တာမှ **ကာလရှည်စောင့်ကြည့်လေ့လာသူ** (Long Term Observer - LTO) နှင့် **ကာလတိုလေ့လာအကဲခတ်သူ** (Short Term Observer - STO)ပေါင်း (၆၀)ကျော်က လေ့လာအကဲခတ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ ကာတာစင်တာ၌ တာဝန်ထမ်းဆောင်နေသူ (၁၃)ဦးရှိသည့်ပြင် ကာတာစင်တာဌာနချုပ်မှပုဂ္ဂိုလ်များလည်း လာရောက်ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ဖော်ပြပါ LTO နှင့် STO များကို ကာတာစင်တာမှ လျှောက်လွှာခေါ်ယူပြီး ရွေးကောက်ပွဲ အတွေ့အကြုံရှိသူများ၊ နီပေါနိုင်ငံ၌ နေထိုင်လုပ်ကိုင်ခဲ့ဖူးသူများကို ဦးစားပေးရွေးချယ်ခဲ့ရာ နိုင်ငံပေါင်း (၂၀)ကျော်မှ ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်း

နီပေါရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်များအား မဲစာရင်း မှတ်ပုံတင်ပေးခြင်းလုပ်ငန်း (Voter Registration)ကို ပြီးခဲ့သည့် (၂)နှစ်ခန့်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မှတ်ပုံတင်သည့် အဖွဲ့များက ရပ်ကွက်တစ်ခုချင်း၊ ကျေးရွာတစ်ခုချင်း အလိုက်ရွှေ့ပြောင်းပြီး လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ အသက် (၁၆)နှစ်ပြည့်ပြီး သူများအားလုံး လာရောက်မှတ်ပုံတင်နိုင်ကြောင်း၊ အိမ်တိုင်ရာရောက် လိုက်လံကောက်ယူခြင်း မဟုတ်ကြောင်း၊ လာရောက်မှတ်ပုံတင်သူ၏ ကိုယ်ရေးအချက်အလက်များကို ရေးမှတ်ပြီး ဓာတ်ပုံရိုက်ယူကာ အထောက်အထားအဖြစ် ပြေစာတစ်စောင် ပြန်ပေးလိုက်ကြောင်း သိရှိရပါသည်။ ရွေးကောက်ပွဲ ကျင်းပချိန်နီးသည့်အခါတွင် မိမိတို့နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် ယင်းပြေစာကို ပြသ၍ မဲဆန္ဒရှင်မှတ်ပုံတင်ကတ် (Voter Registration Card)ကို ထုတ်ယူရခြင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်သည့် နီပေါနိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး၊ မဲစာရင်းမှတ်ပုံတင်ရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လ (၁၄)ရက်နေ့ကို နောက်ဆုံးနေ့အဖြစ်သတ်မှတ်ခဲ့ရာ၊ (၁၄-၇-၂၀၁၃) ရက်နေ့အထိ မဲစာရင်းတွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း (၁၂,၁၄၇,၈၆၅)ဦးရှိကြောင်း သိရှိရပါသည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ မဲဆန္ဒရှင်ပေါင်း (၁၄)သန်းကျော်ရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ယခုကဲ့သို့ (၁၂)သန်းကျော်သာ ရှိရခြင်းမှာ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသည့် နီပေါနိုင်ငံသား (၂)သန်းခန့်ရှိပြီး (၁၈)နှစ်ပြည့်ပြီးသူအချို့ မဲစာရင်း မှတ်ပုံတင်ရန် မလာရောက်ကြခြင်းကြောင့် ဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖော်ပြပါမဲဆန္ဒရှင်များအား မဲစာရင်းတွင် မကျန်ရှိစေအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း ကာတာစင်တာမှ ထုတ်ပြန်ခဲ့ပါသည်။

## ရွေးကောက်ပွဲကော်မရှင်

နီပေါနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင် (Election Commission of Nepal - ECN) တွင် Cheif Commissioner - ဥက္ကဋ္ဌ (၁)ဦးနှင့် Commissioner - အဖွဲ့ဝင် (၄)ဦးရှိသည်။ ယင်းပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းမှာ (၆)နှစ်ဖြစ်ပြီး အသက် (၆၅)နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

ကော်မရှင်ရုံးချုပ်တွင် အတွင်းရေးမှူး(၁)ဦး၊ တွဲဖက်အတွင်းရေးမှူး(၅)ဦးအပါအဝင် ရုံးဝန်ထမ်း(၁၄၇)ဦးရှိသည်။ ခရိုင်ကော်မရှင်ရုံး(၇၅)ရုံးတွင် District Returning Officer- ခရိုင်ရွေးကောက်ပွဲအရာရှိ(၇၅)ဦး အပါအဝင် ဝန်ထမ်းပေါင်း (၅၆၁) ဦးရှိသည်။

ရွေးကောက်ပွဲကျင်းပသည့်ကာလတွင် တရားသူကြီးများအား Returning Officer (RO) များအဖြစ်ခန့်အပ်ပြီး မဲဆန္ဒနယ်တစ်နယ်စီတွင် RO တစ်ဦးစီ တာဝန်ပေးအပ်သည်။

ရွေးကောက်ပွဲကျင်းပသည့် ကာလတွင် မဲရုံမှူး၊ ဒု - မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများအား နေ့တွက်စရိတ် (DSA) ပေးသည်။ နေ့တွက်စရိတ်များအဖြစ် မဲရုံမှူး ရူပီး ၁,၂၀၀ (မြန်မာငွေကျပ် ၁၂,၀၀၀ ခန့်၊ အမေရိကန် ၁ ဒေါ်လာတွင် နီပေါ ရူပီးငွေ ၉၉. ၆၄ ရှိသည်)၊ ဒု - မဲရုံမှူး ရူပီး ၁၁၀၀ (မြန်မာငွေကျပ် ၁၁,၀၀၀ ခန့်)နှင့် မဲရုံဝန်ထမ်း ရူပီး ၈၀၀ (မြန်မာ ငွေကျပ် ၈,၀၀၀ ခန့်) ဖြစ်ကြောင်း၊ မြို့ပေါ်မှ မဲရုံများအား နေ့တွက်စရိတ် (၅)ရက်စာ ပေးအပ်ပြီး ကျေးရွာမဲရုံများအား နေ့တွက်စရိတ် (၇)ရက်စာပေးကြောင်း သိရှိခဲ့ရပါသည်။ (အခြားနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များအကြောင်းကို အခွင့်သင့်သည့်အခါ ရေးသားဖော်ပြပါဦးမည်။)

## မဲဆန္ဒနယ်

နီပေါနိုင်ငံတွင် ခရိုင်ပေါင်း (၇၅)ခရိုင်ရှိရာ ယင်းတို့ကို မဲဆန္ဒနယ် (၂၄၀)အဖြစ် ခွဲခြားသတ်မှတ်ထားသည်။ မဲဆန္ဒရှင် အများဆုံးခရိုင်သည် ကတ္တမန္ဒူခရိုင်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၅၃၂,၁၁၀ ရှိကာ ယင်းခရိုင်တွင် မဲဆန္ဒနယ် (၁၀) နယ် ရှိသည်။ မဲဆန္ဒရှင် အနည်းဆုံးခရိုင်သည် မင်နန် (Manang)ခရိုင်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၄,၇၉၅ ဦးသာရှိပြီး၊ မဲဆန္ဒနယ် တစ်နယ်သာ ရှိသည်။ ထို့ပြင် ဘက်တာပါ (Bhaktapur)ခရိုင်မှ မဲဆန္ဒနယ် အမှတ်(၂)သည် မဲဆန္ဒရှင်အများဆုံး မဲဆန္ဒနယ်ဖြစ်ပြီး၊ ယင်းနယ်တွင် မဲဆန္ဒရှင်ပေါင်း ၈၂,၂၁၈ အထိရှိသည်။

## ကိုယ်စားလှယ် ရွေးချယ်သည့်စနစ်

နီပေါနိုင်ငံ၏ Constituent Assembly (CA) - **တိုင်းပြုပြည်ပြုလွှတ်တော်** တွင် နေရာ (seat)ပေါင်း (၆၀၁)နေရာ ရှိသည်။ ယခု ရွေးကောက်ပွဲမှ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သဖြင့် Constituent Assembly ဟုခေါ်သော်လည်း ၎င်းတို့သည် Legislature - Parliament (L-P) - **ဥပဒေပြုလွှတ်တော်** ၏ Member of Parliament (MP) - ပါလီမန်အဖွဲ့ဝင်များ ဖြစ်ကြသည်။ ယင်းနေရာများကို ရွေးချယ်ရာတွင် "First Past The Post System" (FPTP) - "နိုင်သူ အကုန်ယူစနစ်" နှင့် "Proportional Representation System" (PR) - "အချိုးကျကိုယ်စားပြုစနစ်" - နှစ်မျိုးကိုတစ်ပြိုင်တည်း အသုံးပြုသည်။ ဖော်ပြပါ (၆၀၁)နေရာကို FPTP အတွက်နေရာ (၂၄၀)၊ PR အတွက် (၃၃၅)နေရာ သတ်မှတ်ပြီး ကျန်(၂၆)နေရာကိုမူ ဝန်ကြီးများကောင်စီက ရွေးချယ်ပေးသည်။

တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ်ပေါင်း (၂၄၀) ရှိရာ မဲဆန္ဒနယ်တစ်နယ်စီအတွက် ကိုယ်စားလှယ်တစ်ဦးကျကိုယ်စားပြုနိုင်ရန် FPTP စနစ်ကိုကျင့်သုံးသည်။ PR စနစ်အတွက် ထားရှိသည့် (၃၃၅)နေရာအတွက်မူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်စုပေါင်းပြီး အချိုးကျခွဲဝေသည်။ ဥပမာ - တစ်နိုင်ငံလုံးတွင် မဲပေးသူစုစုပေါင်း ၉,၆၀၀,၀၀၀ ရှိသည်ဆိုလျှင် - မဲဆန္ဒနယ်တစ်နယ်အတွက် အချိုးကျရရှိမည့် ဆန္ဒမဲပေါင်းသည် ၂၈,၆၅၆ ဖြစ်သဖြင့် ဆန္ဒမဲပေါင်း ၂၈,၆၅,၆၀၀ ရရှိသည့်ပါတီက လွှတ်တော်ကိုယ်စားလှယ် ဦးရေ(၁၀၀) အချိုးကျရရှိမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် ကိုယ်စားလှယ်(၂၆)ဦးကို ဝန်ကြီးများကောင်စီက ရွေးချယ်ရာတွင် နိုင်ငံတော်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ ပညာရှင်များနှင့် ရွေးကောက်ပွဲ၌ ရွေးခြယ်ခြင်းမခံရသော လူနည်းစု တိုင်းရင်းသားမျိုးနွယ်များအား ဦးစားပေးရွေးချယ်ရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

နိုင်ငံရေးပါတီတစ်ခုသည် PR စနစ်တွင် ယင်းအချိုးကျ ရရှိထားသော လွှတ်တော်ကိုယ်စားလှယ်များကို ကန့်သတ်ချက်များအရ ရွေးချယ်ပေးရသည်။ ယောကျ်ားနှင့် မိန်းမအချိုးမှာ ၅၀ း ၅၀ ဖြစ်ရုံသာမက ပါဝင်သင့်သည့် ဇာတ် (Caste)၊ တိုင်းရင်းသား စသည်များကိုပါ ရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးထားကြောင်း သိရှိရပါသည်။ ဥပမာ - ပါတီတစ်ခုမှ PR စနစ်ဖြင့် တစ်နိုင်ငံလုံးအတွက် လွှတ်တော်ကိုယ်စားလှယ် နေရာပေါင်း (၄၀)ကို အချိုးကျရရှိပါက ယင်းပါတီသည် - အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀)နှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၂၀)ကို ရွေးချယ်ပေးရမည့်အပြင် ၎င်းကိုယ်စားလှယ်(၄၀)တွင်လည်း အထက်ဖော်ပြပါ ဇာတ်နှင့် တိုင်းရင်းသား စသည်များကို သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း ပါဝင်အောင် ရွေးချယ်ပေးရမည် ဖြစ်ပါသည်။ ထို့ပြင် အထူးအရေးကြီးသည့်အချက်မှာ နိုင်ငံရေးပါတီတစ်ခုမှ PR စနစ်အတွက် ထုတ်ပြန်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်း (Nomination List)၌ FPTP စနစ်တွင် ဝင်ရောက်ရွေးချယ်ခံသည့် ၎င်းတို့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်ကို ထည့်သွင်းဖော်ပြခွင့် မရှိပါ။

## ရွေးကောက်ပွဲကျင်းပရန် ကြေညာခြင်း

တရားသူကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော Interim Election Council (IEC) က နီပေါနိုင်ငံ၏ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ (Constituent Assembly Election)ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၁၉)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် ဇွန်လ (၁၃)ရက်နေ့က ကြေညာခဲ့သည်။

## နိုင်ငံရေးပါတီများ

နိုင်ငံရေးပါတီပေါင်း (၁၃၀) မှတ်ပုံတင်ခဲ့ပြီး ယခုရွေးကောက်ပွဲတွင် FPTP စနစ်အတွက် ပါတီ(၁၂၀)နှင့် PR စနစ်အတွက် (၁၂၂)ပါတီ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြပါသည်။ ထင်ရှားသော အဓိကနိုင်ငံရေးပါတီကြီး လေးပါတီမှာ - Nepali Congress (NC)၊ Coummunist Party of Nepal - United Maxist Leninist (CPN-UML)၊ Communist Party of Nepal - Maoist (CPN-M) နှင့် Unified Coummunist Party of Nepal [UCPN (M)] တို့ ဖြစ်ကြသည်။

## ကိုယ်စားလှယ်လောင်းများ

နီပေါနိုင်ငံ ရွေးကောက်ပွဲတွင် FPTP စနစ်အတွက် နိုင်ငံရေးပါတီ (၁၂၀)မှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း စုစုပေါင်း (၆,၁၂၆)ဦးနှင့် PR စနစ်အတွက် နိုင်ငံရေးပါတီ (၁၂၂)ပါတီမှ ကိုယ်စားလှယ်လောင်း စုစုပေါင်း (၁၀,၇၀၉)ဦး ဝင်ရောက်အရွေးခံခဲ့ကြသည်။

## မဲဆွယ်စည်းရုံးခြင်း

နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးအတွက် အချိန်တစ်လတိတိ ပေးသည်။ ရွေးကောက်ပွဲ မကျင်းပမီ (၂)ရက် အလိုတွင် မဲဆွယ်စည်းရုံးမှုအားလုံး ရပ်ဆိုင်းရသည်။ မဲရုံနှင့် မီတာ (၁၀၀)အတွင်း စည်းရုံးရေးပိုစတာများ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း စသည်များကို မပြုရန် တားမြစ်ထားသည်။

## ဆန္ဒမဲလက်မှတ်

ဆန္ဒမဲလက်မှတ် နှစ်မျိုးရှိသည်။ FPTP စနစ်အတွက် အပြာရောင်ဖြစ်ပြီး အရွယ်အစားမှာ ၁၂ လက်မ × ၁၈ လက်မ ဖြစ်သည်။ PR စနစ်အတွက် ပန်းရောင်ဖြစ်ကာ အရွယ်အစားမှာ ၁၅ လက်မ × ၂၀ လက်မ ဖြစ်သည်။ FPTP မဲလက်မှတ်တွင် ကိုယ်စားလှယ်လောင်း၏ အမည်ကို ဖော်ပြမထားဘဲ ၎င်းတို့ပါတီ၏ သင်္ကေတ (Symbol) များကိုသာ ဖော်ပြထားသည်။ စာရေးသူတို့အဖွဲ့ လေ့လာခဲ့သည့် မဲရုံများမှ မဲလက်မှတ်များအရ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်း (၂၈)ဦးမှ (၄၈)ဦးအထိ ရှိသည်။

PR မဲလက်မှတ်တွင်မူ ဝင်ရောက်အရွေးခံသည့် နိုင်ငံရေးပါတီ (၁၂၂)ပါတီ၏ သင်္ကေတများကို ဖော်ပြထားသည်။ ပါတီများ၏ သင်္ကေတများသည်လည်း လူအများမှတ်မိလွယ်သည့် အမှတ်အသားများ (ဥပမာ - နေ၊ သစ်ပင်၊ နွားထီး၊ မြား၊ သော့၊ အိမ်၊ လ၊ လှည်းဘီး၊ အလံ၊ ဟယ်လီကော်ပတာ၊ တယ်လီဖုန်း၊ နာရီ . . . ) ကိုသာ အသုံး ပြုကြသည်။

## လေ့လာအကဲခတ်သူများ

ယခုကျင်းပပြီးစီးခဲ့သည့် နီပေါနိုင်ငံရွေးကောက်ပွဲအား ပြည်တွင်းရှိလူမှုအဖွဲ့အစည်း (Civil Society Organization-CSO) ပေါင်း (၄၃)ဖွဲ့မှ နီပေါနိုင်ငံသား ပြည်တွင်းလေ့လာအကဲခတ်သူ [Domestic (Citizen) Observers] ပေါင်း ၂၃,၀၀၀ ကျော် (မျက်မမြင် နှစ်ဦး အပါအဝင်)နှင့် နိုင်ငံတကာလေ့လာအကဲခတ်သူ (International Observers) ပေါင်း (၂၃၅)ဦး လေ့လာ ခဲ့ကြောင်း မှတ်သားရပါသည်။

လေ့လာသည့်နိုင်ငံတကာအဖွဲ့အစည်းများမှာ - ကာတာစင်တာ၊ အီးယူ (European Union-EU)၊ International Foundation for Electoral Systems (IFES)၊ Asian Network for Free Election (INFREL)၊ International Institute For Democracy and Electoral Assistance (International IDEA) နှင့် The Asia Foundation တို့ ဖြစ်ကြသည်။ ထို့ပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဘူတန်၊ မော်လ်ဒိုက်ဗ်နှင့် အာဖဂန်နစ္စတန် နိုင်ငံများရှိ ရွေးကောက်ပွဲ ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ကော်မရှင်နာများလည်း လာရောက်လေ့လာခဲ့ကြပါသည်။

ကာတာစင်တာမှကာလရှည်စောင့်ကြည့်လေ့လာသူ (၁၂) ဦးနှင့် ကာလတိုလေ့လာအကဲခတ်သူ (၆၆)ဦး လေ့လာခဲ့ကြပါသည်။ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ယူကေ၊ အိုင်ယာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ အာမေးနီးယား၊ ဘူဂေးရီးယား၊ ကာဂျစ်စတန်၊ ဆားဗီးယား၊ ကင်ညာ၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်ဗ်နှင့် မြန်မာ စသည့် နိုင်ငံပေါင်း (၃၁)နိုင်ငံမှဖြစ်ပါသည်။ မြန်မာနိုင်ငံမှ စာရေးသူတို့နှစ်ဦးမှာမူ သမ္မတ ဂျင်မီကာတာက အထူးဖိတ်ကြားခဲ့သည့် ကာလတိုလေ့လာသူများ ဖြစ်ပါသည်။ ကာလရှည်စောင့်ကြည့် လေ့လာသူများအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၂၅) ရက်နေ့ ကတည်းက တာဝန်ပေးအပ်ထားကြောင်း သိရှိရပါသည်။

(၁၄-၁၁-၂၀၁၃) ရက်နေ့ညတွင် ကာတာစင်တာမှ Welcoming Dinner ကျင်းပပေးရာ ဧည့်ခံသည့် ခန်းမသို့ မဝင်မီ စာရေးသူတို့ Observer များအားလုံးတန်းစီကာ တစ်ဦးပြီးတစ်ဦး ဝင်ရောက်၍ လက်တွေ့ဆန္ဒမဲ ပေးခဲ့ကြရပါသည်။ ဆန္ဒမဲပေးပုံကို ပြသပေးရန် အချိန်မရတော့သဖြင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားပါသည်။

ကာလတိုလေ့လာသူများသည် နီပေါနိုင်ငံရွေးကောက်ပွဲကို (၁၄-၁၁-၂၀၁၃)ရက်နေ့မှ (၂၃-၁၁-၂၀၁၃)ရက်နေ့ထိ လေ့လာခဲ့ကြရာ - (၁၄-၁၁-၂၀၁၃)ရက်နေ့နှင့် (၁၅-၁၁-၂၀၁၃)ရက်နေ့က ကာတာစင်တာ၏လုပ်ငန်းစဉ်များ၊ နီပေါနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမည့် အခြေအနေများ၊ ကုလသမဂ္ဂက ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် “Decleration of Principnles for International Election Observation” နှင့် “Code of Conduct for International Election Observers”၊ နီပေါရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများသာမက နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ဆက်နွယ်သူများအတွက် ထုတ်ပြန်ထားသည့် “Election Code of Conduct, 2013” စသည်များကို ကာတာစင်တာမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကာလရှည်လေ့လာသူ တစ်ဦး ခေါင်းဆောင်ပြီး ကာလတိုလေ့လာသူ (၂)ဦးနှင့် အဖွဲ့များဖွဲ့ကာ နီပေါတစ်နိုင်ငံလုံးသို့ (၁၆-၁၁-၂၀၁၃)ရက်နေ့မှ စတင်၍ စေလွှတ်ခဲ့ပါသည်။

စာရေးသူတို့အဖွဲ့ကို နီပေါနိုင်ငံရှိ ကာတာစင်တာတွင် (၆)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အမေရိကန်သူ Mrs. Sarah Levit Shore အား ဦးဆောင်စေပြီး ကတ္တမန္ဒူခရိုင်တွင် လေ့လာရန် တာဝန်ပေးအပ်ခဲ့ပါသည်။ (၁၆-၁၁-၂၀၁၃) ရက်နေ့မှ (၁၈- ၁၁-၂၀၁၃) ရက်နေ့အထိ ကတ္တမန္ဒူခရိုင်မှ District Returning Officer နှင့် Returning Officer များအပြင် ယင်းခရိုင်အတွင်းရှိ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်များ၊ ပြည်တွင်းလေ့လာသူများ (Domestic Observer) များနှင့် နိုင်ငံတကာ လေ့လာသူများအား တွေ့ဆုံပြီး ရွေးကောက်ပွဲနှင့် ပတ်သက်၍မေးမြန်းခြင်း၊ မဲဆန္ဒရှင် မှတ်ပုံတင်ကတ် ထုတ်ပေးသည့် နေရာများသို့ သွားရောက်လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မဲရုံ ပြုလုပ်မည့်နေရာများသို့ သွားရောက်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လေ့လာမည့်မဲရုံများအား ရွေးချယ်သတ်မှတ်ခြင်း၊ လမ်းကြောင်းရွေးချယ်ခြင်း စသည်များကို ဆောင်ရွက်ခဲ့ပါသည်။ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ လေ့လာမည့်မဲရုံသို့ မဲရုံမဖွင့်မီ နာရီဝက်စော၍ ရောက်ရှိရန်နှင့် မဲရုံပိတ်ခြင်းနှင့် ပတ်သက်၍ လေ့လာမည့် မဲရုံသို့လည်း မဲရုံမပိတ်မီ နာရီဝက်စော၍ ရောက်ရှိရန် အရေးကြီးသောကြောင့် ဖြစ်ပါသည်။

## ရွေးကောက်ပွဲ ကျင်းပခြင်း

နီပေါနိုင်ငံ၏ Constituent Assembly Election 2013 ရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် အင်္ဂါနေ့က ကျင်းပခဲ့ပါသည်။ FPTP စနစ်နှင့် PR စနစ် နှစ်မျိုးလုံးအတွက် တစ်နိုင်ငံလုံး၌ တစ်ရက်တည်း တစ်ပြိုင်တည်း ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ မဲရုံဖွင့်ချိန်မှာ နံနက် (၇)နာရီဖြစ်ပြီး မဲရုံပိတ်ချိန်မှာ ညနေ(၅)နာရီ ဖြစ်ပါသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့က အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ ကိုယ်တိုင် ဦးဆောင်သည့်အဖွဲ့က ကတ္တမန္ဒူ မြို့တော်နှင့် မြို့တော်ဝန်းကျင်ရှိ မဲရုံများသို့ လှည့်လည်လေ့လာခဲ့ကြပါသည်။

စာရေးသူတို့အဖွဲ့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့က ကတ္တမန္ဒူခရိုင်ရှိ ကတ္တမန္ဒူမြို့နှင့် ကျေးလက်ဒေသများသို့ လှည့်လည်ပြီး မဲရုံ(၇)ရုံကို လေ့လာအကဲခတ် ခဲ့ကြပါသည်။ လေ့လာခဲ့သည့် မဲရုံအားလုံးသည် အဆောက်အအုံများ၏ ပြင်ပ (Outdoor) မြေကွက်လပ်တွင် ရှိပြီး မဲရုံနေရာကို ကြိုးဖြင့်တား၍ သတ်မှတ်ကာ မဲရုံဝင်ပေါက်တွင် ယောကျ်ားနှင့် မိန်းမ တစ်တန်းစီ တန်းစီနိုင်ရန် အတွက် ဝါးလုံးများ တန်းထားပါသည်။ မဲရုံများကို ကျောင်းများနှင့် မြို့နယ်အုပ်ချုပ်ရေးရုံးများရှိ မြေကွက်လပ်များတွင် ထားရှိပါသည်။

မဲရုံတစ်ရုံတွင် မဲရုံမှူး (၁)ဦး၊ ဒု-မဲရုံမှူး (၁)ဦးနှင့် မဲရုံအဖွဲ့ဝင် (၅)ဦးမှ (၆)ဦး ရှိပါသည်။ လုပ်အားပေး (Volunteer) များသာမက ရဲများလည်း ရှိပါသည်။ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင် (၅၀၀)မှ (၁၀၀၀)အထိ ထားရှိကြောင်း သိရှိရပြီး စာရေးသူတို့ လေ့လာခဲ့သော မဲရုံများတွင် မဲဆန္ဒရှင် (၄၀၀)ကျော်မှ (၇၀၀)ကျော် ရှိပါသည်။ မဲပေးမည့်သူများသည် နံနက် (၆ း ၃၀) နာရီခန့်မှ စတင်၍ ယောကျ်ားတစ်တန်း မိန်းမတစ်တန်း စနစ်တကျ တန်းစီကြသည်ကို တွေ့ရှိရပါသည်။ (နီပေါနိုင်ငံ၏ ထုံးတမ်းစဉ်လာအရ လူအများ တန်းစီသည့် နေရာများတွင် ယောကျ်ားနှင့် မိန်းမ သီးသန့်ခွဲခြားထားကြောင်း သိရပါသည်။ နီပေါနိုင်ငံတကာလေဆိပ်၌ တန်းစီရာတွင်လည်း ယောကျ်ားနှင့် မိန်းမ သီးခြားခွဲ၍ ကိုယ်တိုင်တန်းစီ ခဲ့ရပါသည်။)

မဲရုံစတင် မဖွင့်လှစ်မီ မဲပုံးများကို မဲရုံမှူးက ပါတီကိုယ်စားလှယ်များအား ပြသပြီး မဲပုံးကို နေရာ (၆)နေရာမှ နံပါတ်စဉ်များ တပ်ထားသော ပလပ်စတစ်ကြိုးများဖြင့် ပိတ်ပါသည်။ ပလပ်စတစ်ကြိုး (၆)ကြိုးတွင် ပါရှိသော နံပါတ်များကို မဲရုံမှူးသာမက ပါတီကိုယ်စားလှယ်များကပါ မှတ်သားကြပါသည်။ ညနေ (၅)နာရီ မဲရုံပိတ်သည့်အချိန်တွင် မဲပုံးများ

ခြေရာလက်ရာ မပျက်သည်ကို ပါတီကိုယ်စားလှယ်များအား ပြသပြီး မဲပုံး၏အလယ်တွင် နံပါတ်စဉ် တပ်ထားသော ပလပ်စတစ်ကြိုးဖြင့် ထပ်မံ၍ ပိတ်ပါသည်။

နီပေါနိုင်ငံမှ မဲပေးသည့်စနစ်မှာ - မဲဆန္ဒရှင် စာရင်းကို လက်ဝယ်ကိုင်ထားသည့် မဲရုံအဖွဲ့ဝင်တစ်ဦးက မဲပေးရန် ရောက်ရှိလာသည့် မဲဆန္ဒရှင်၏ မဲဆန္ဒရှင် မှတ်ပုံတင်ကတ်နှင့် မဲဆန္ဒရှင်စာရင်း (မဲဆန္ဒရှင်၏ ဓာတ်ပုံပါ ပါသည်။)ကို တိုက်ဆိုင်စစ်ဆေးပါသည်။ မှန်ကန်ပါက မဲဆန္ဒရှင်က မဲစာရင်းတွင် လက်မှတ်ရေးထိုး/လက်ဗွေနှိပ်ပြီးနောက် မဲပေးပြီးကြောင်း အထောက်အထားအဖြစ် မဲဆန္ဒရှင်၏လက်မ လက်သည်းခွံအစပ်ကို မင် (Indelible Ink)ဖြင့် သုတ်ပေးပါသည်။ ထို့နောက် မဲရုံမှူး/ဒု - မဲရုံမှူး ထံသို့ သွားရောက်ပြီး FPTP ဆန္ဒမဲလက်မှတ်ကိုထုတ်ယူပြီး ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုးရပါသည်။ ၎င်းနောက် ဆန္ဒပြုရာတွင် အသုံးပြုရမည့် စကြာပုံပါ တံဆိပ်အဝိုင်းကို ထုတ်ယူပြီး ဆန္ဒပြုခန်းသို့ သွားရောက်ပြီး ဆန္ဒပြုရပါသည်။ PR စနစ်အတွက် ဆန္ဒပြုရာတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။

နီပေါနိုင်ငံ၌ မဲရေတွက်သည့် စနစ်သည် မဲရုံ၌ရေတွက်ခြင်း မဟုတ်ဘဲ မဲရေတွက်သည့်ဌာန (Counting Center) များ၌ ရေတွက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မဲပုံးများကို ရဲဌာနမှ မော်တော်ယာဉ်များဖြင့် ရဲအစောင့်အကြပ်များ လိုက်ပါကာ မဲရေတွက်သည့် ဌာနများသို့ ပို့ဆောင်ပါသည်။ ထိုသို့ ပို့ဆောင်ရာတွင် မဲရုံမှူးများသာမက ပါတီ ကိုယ်စားလှယ်များလည်း လိုက်ပါကြပါသည်။ စာရေးသူတို့ အဖွဲ့သည် ကျေးလက်ဒေသရှိ မဲဆန္ဒနယ်အမှတ် (၂)မှ မဲရုံပိတ်ခြင်းကို လေ့လာခဲ့ကြပြီး ထိုမဲရုံမှ မဲပုံးများကို မဲရေတွက်သည့်ဌာနသို့ ပို့ဆောင်ရာတွင် အတူလိုက်ပါခဲ့ကြပါသည်။ ကတ္တမန္ဒူးခရိုင်ရှိ မဲဆန္ဒနယ် (၁၀)နယ်မှ မဲပုံးများကို ရေတွက်ရန်အတွက် ပါလီမန်အဆောက်အအုံအတွင်း၌ စီစဉ်ထားရှိပါသည်။ မဲဆန္ဒနယ်၏ တာဝန်ခံဖြစ်သည့် RO က မဲပုံးများကို လက်ခံပြီး အခန်းတစ်ခန်းတွင်ထားရှိကာ ပါတီကိုယ်စားလှယ်များ၏ရှေ့မှောက်၌ပင် ထိုအခန်းကို ချိတ်ပိတ်ပါသည်။

စာရေးသူတို့အဖွဲ့အနေဖြင့် မဲရုံတစ်ရုံကို လေ့လာပြီးတိုင်း တွေ့ရှိချက်များကို - သတ်မှတ်ထားသည့် Opening Form ၊ Polling Form နှင့် Closing Form တို့တွင် ဖြည့်သွင်းပြီး ကာတာစင်တာရုံးသို့ ချက်ချင်း သတင်းပို့ပေးရပါသည်။ ဤသို့ ပေးပို့နိုင်ရန်အတွက် အဖွဲ့တိုင်းအား Tablet တစ်လုံးစီ ပေးအပ်ထားပါသည်။

စာရေးသူတို့အဖွဲ့ ထိုနေ့က လေ့လာခဲ့သည့် မဲရုံ ခုနစ်ရုံအနက် နှစ်ရုံကသာ မဲရုံအတွင်း၌ ဓာတ်ပုံရိုက်ခွင့်ပြုပါသည်။ မဲရုံအတွင်း၌လည်း နာရီဝက်ခန့်သာ နေခွင့်ပြုပါသည်။ ကော်မရှင်က သတ်မှတ်ထားသည့် လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များအရ မဲရုံအတွင်း၌ လေ့လာသူ (၅)ဦးအထိသာ လေ့လာရန် ခွင့်ပြုထားပါသည်။ မဲရုံအတွင်း၌ လေ့လာသူများ များပြားပြီး အချိန်ကြာမြင့်စွာ ရှိနေပါက မဲရုံဝန်ထမ်းများနှင့် မဲဆန္ဒရှင်များကို အနှောက်အယှက် ဖြစ်မည်စိုးသောကြောင့် ဖြစ်ပါသည်။

ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် နီပေါတစ်နိုင်ငံလုံး၌ မဲပေးသည့်ဌာန (Polling Center) ပေါင်း ၁၀,၀၁၃ ရှိပြီး မဲရုံပေါင်း (Polling Station) ၁၈,၄၅၇ ရှိကြောင်း၊ ရွေးကောက်ပွဲအတွက် လုပ်ကိုင်သည့် တာဝန်ရှိသူ (R O ၊ မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ) ပေါင်း (၁၂၅,၈၅၈)ဦးရှိပြီး လုပ်အားပေးပေါင်း (၈၈,၉၉၄)ဦးရှိကြောင်း၊ လုံခြုံရေးအတွက် တပ်မတော်သား (၆၂,၀၀၀)၊ နီပေါနိုင်ငံရဲ (၄၈,၀၀၀)၊ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ရဲ (၄,၀၀၀)၊ လက်နက်ကိုင်ရဲ (၃၂,၀၀၀)နှင့် ယာယီရဲ (၄၅,၀၀၀) - စုစုပေါင်း (၁၉၁,၀၀၀) ရှိကြောင်း မှတ်သားခဲ့ရပါသည်။

## မဲရေတွက်ခြင်း

စာရေးသူတို့အဖွဲ့သည် (၂၀-၁၁-၂၀၁၃)ရက်နေ့မှ (၂၂-၁၁-၂၀၁၃) ရက်နေ့အထိ မဲဆန္ဒနယ်အလိုက် မဲများကို ရေတွက်သည့် အခန်းများ ၌ (၃)ရက်တိုင် လေ့လာခဲ့ကြပါသည်။ မဲပုံးများကို ထုတ်ယူလာပြီး ပါတီကိုယ်စားလှယ်များအား ပြသပြီးမှသာ မဲလက်မှတ်များကို ကြမ်းပြင်ပေါ်တွင် ဖြန့်ချပါသည်။ နီပေါနိုင်ငံ၌ မဲရုံများတွင် မဲများကို မရေတွက်သည့် အဓိကအကြောင်းရင်းမှာ မဲပေးမှု အခြေအနေကို သိရှိပြီး မဲမရသည့် ပါတီများက ယင်းရပ်ကွက်မှ လူထုအား အငြိုးထားမည်စိုးသောကြောင့် ဖြစ်သည်ဟု သိရှိခဲ့ရပါသည်။ ထို့ကြောင့် မဲပုံးတစ်ပုံးချင်း မရေတွက်ဘဲ မဲပုံးလေးငါးပုံးကို ကြမ်းပြင်ပေါ်တွင် သွန်ချ၍ ရောမွှေပြီးမှသာ ရေတွက်သည်ကို တွေ့မြင်ခဲ့ရပါသည်။ စာရေးသူတို့အဖွဲ့သည် လေ့လာတွေ့ရှိချက်များကို သတ်မှတ်ပုံစံ Counting Form တွင် ဖြည့်သွင်းပြီး ကာတာစင်တာရုံးသို့ ချက်ချင်း သတင်းပို့ခဲ့ပါသည်။ စာရေးသူတို့ ကြည့်ရှုခဲ့သည့် မဲရေတွက်မှုများအရ ပယ်မဲ (invalid vote) ပါဝင်မှုနှုန်းမှာ ၄ ရာခိုင်နှုန်းခန့် ရှိပါသည်။

## ရွေးကောက်ပွဲ ပြီးစီးချိန်

FPTP ဆန္ဒမဲပုံးများကို ရေတွက်သည့် ကနဦးရလဒ်များ (၂၁-၁၁-၂၀၁၃ ရက်နေ့ထုတ် သတင်းစာများ) အရ ကိုယ်စားလှယ်နေရာ အများအပြား ရရှိမည်ဟု မျှော်မှန်းထားသည့် UCPN-Maoist ပါတီက (၁၂)နေရာသာရရှိပြီး၊ Nepali Congress ပါတီက (၄၇)နေရာနှင့် CPN-UML ပါတီက (၄၂)နေရာဖြင့် အပြတ်အသတ် အသာရရှိခဲ့ပါသည်။ ထိုအခါ UCPN-Maoist ပါတီက ယခုရွေးကောက်ပွဲသည် အကွက်ဆင်ပြီး အကြံအဖန်လုပ်ထားကြောင်း၊ မဲပုံးများကို သယ်ယူရာတွင် မသမာမှုများရှိကြောင်း ပြောဆိုပြီး သပိတ်မှောက်သည့်အနေဖြင့် ၎င်း၏ကိုယ်စားလှယ်များအား မဲရေတွက်ရာတွင် ဆက်လက်၍ မကြည့်ရှုကြရန် ညွှန်ကြားခဲ့ပါသည်။

(၂၂-၁၁-၂၀၁၃)ရက်နေ့က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကာတာစင်တာ၏ ကနဦးရှုမြင်သုံးသပ်ချက်များကို သမ္မတဂျင်မီကာတာ ကိုယ်တိုင် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ခဲ့ပါသည်။ ကာတာစင်တာမှ စေလွှတ်ခဲ့သည့် လေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များအရ - ယခုကျင်းပပြီးစီးခဲ့သည့် နီပေါရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများထက် ပိုမိုလွတ်လပ်၍တရားမျှတပြီး အားလုံးပါဝင်သော ငြိမ်းချမ်းသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအနေဖြင့် များစွာဂုဏ်ယူကြောင်း၊ မဲဆန္ဒပေးမှုသည်လည်း (၇၀)ရာခိုင်နှုန်း ကျော်သဖြင့် နီပေါနိုင်ငံ၏ မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း၊ **ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် နီပေါမဲဆန္ဒရှင်များ၏ သဘောဆန္ဒကို ထင်ဟပ်သော ယခုရွေးကောက်ပွဲမှ ရလဒ်များကို လေးစားရမည်** ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နောက်တစ်နေ့တွင် မစ္စတာကာတာက UCPN-Maoist ပါတီမှ ဥက္ကဋ္ဌအား တွေ့ဆုံပြီး ရွေးကောက်ပွဲရလဒ်များအား လက်ခံရန်၊ မဲရေတွက်သည့် လုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်ရန် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

ANFREL အဖွဲ့မှ Mr. Damaso Magbual က "အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲကို အောင်မြင်အောင် ကျင်းပပေးနိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ ယခုရွေးကောက်ပွဲသည် လူအများ အလွန်ယုံကြည်လက်ခံနိုင်အောင် ကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်ကြောင်း" မှတ်ချက်ပြုခဲ့ပါသည်။ ထို့ပြင် အီးယူနိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးကော်မရှင် - (The European Union Election Observation Mission)၏ ခေါင်းဆောင် Eva Joly ကလည်း "နီပေါရွေးကောက်ပွဲကော်မရှင်က ယခု ရွေးကောက်ပွဲကို လွတ်လပ်ပြီး ဘက်လိုက်မှု ကင်းရှင်းစွာ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုရွေးကောက်ပွဲသည် စစ်မှန်သော ရွေးကောက်ပွဲဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ထင်သာမြင်သာ မရှိဘဲ အစစ်အမှန် မဟုတ်ကြောင်း စွပ်စွဲလိုပါက ဒီမိုကရေစီစနစ်ကို လက်ခံထားသူများပီပီ သက်သေအထောက်အထား အခိုင်အလုံနှင့် ဥပဒေလမ်းကြောင်းအတိုင်းသာ ကန့်ကွက်သင့်ကြောင်း" ထုတ်ဖော်ပြောကြားခဲ့ပါသည်။

## ရွေးကောက်ပွဲ ရလဒ်များ

နီပေါရွေးကောက်ပွဲကော်မရှင်က (၃-၁၂-၂၀၁၃)ရက်နေ့တွင် မီဒီယာများနှင့် တွေ့ဆုံပွဲ၌ ထုတ်ပြန်ကြေညာချက်များအရ - FPTP စနစ်တွင် မဲပေးသူ ရာခိုင်နှုန်း ၇၈ ဒသမ ၃၄ ရာခိုင်နှုန်းရှိပြီး PR စနစ်တွင် မဲပေးသူရာခိုင်နှုန်း ၇၉ ဒသမ ၈၂ ရှိကြောင်း၊ ပယ်မဲအဖြစ် FPTP စနစ်တွင် ၄ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး PR စနစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း၊ FPTP စနစ်တွင် ပါတီ (၁၀)ပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခံရပြီး PR စနစ်တွင် ပါတီ (၃၀)မှ ရွေးချယ်ခံရကြောင်း သိရှိရပါသည်။ ယခုပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် နီပေါနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် မဲပေးမှုရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း၊ ဤသို့ဖြစ်ရသည်မှာ မဲဆန္ဒရှင် မှတ်ပုံတင်ကတ် ပြုလုပ်ပေးခြင်းကြောင့်ဖြစ်သည့်ပြင် ပြည်သူလူထုကလည်း ရွေးကောက်ပွဲအပေါ် ပိုမိုအလေးထားလာခြင်းကြောင့်ဖြစ်ကြောင်း ကြားသိရပါသည်။ နီပေါ နိုင်ငံ၏ ယခင်ရွေးကောက်ပွဲများမှ မဲပေးမှုရာခိုင်နှုန်းများမှာ - ၁၉၉၁ ခုနှစ်က ၆၅ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၁၉၉၄ ခုနှစ်က ၆၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်က ၆၅ ဒသမ ၉၉ ရာခိုင်နှုန်းနှင့် ၂၀၀၈ ခုနှစ်က ၆၃ ဒသမ ၂၉ ရာခိုင်နှုန်း အသီးသီးရှိကြောင်း မှတ်သားမိပါသည်။

၎င်းပြင် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရမှုအနေဖြင့် FPTP စနစ်အတွက် Nepali Congress ပါတီမှ (၁၀၅)နေရာ၊ CPN-UML ပါတီမှ (၉၁)နေရာ၊ UCPN-Maoist ပါတီမှ (၂၆)နေရာနှင့် ကျန်ပါတီငယ် (၇)ပါတီမှ (၁၈) နေရာ အသီးသီးရရှိကြောင်း၊ PR စနစ်အတွက် Nepali Congress ပါတီမှ (၉၁)နေရာ၊ CPN-UML ပါတီမှ (၈၄)

နေရာ၊ UCPN-Maoist မှ (၅၄)နေရာ၊ Rastriya Prajatanta ပါတီမှ (၂၄)နေရာ၊ Madhesi Janadhikar Forum Nepal (Democratic) မှ (၁၀)နေရာနှင့် အခြားပါတီငယ် (၂၅)ပါတီမှ (၇၂)နေရာ အသီးသီးရရှိကြောင်း၊ FPTP စနစ်မှ ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ် (၂၄၀)တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ပါဝင်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် Nepali Congress ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၉၆)ဦးဖြင့် ဦးဆောင်ကာ CPN-UML ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၇၅)ဦး၊ UCPN-Maoist ပါတီမှ လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၈၀)ဖြင့် ဒုတိယနေရာနှင့် တတိယနေရာများတွင် ရှိကြပါသည်။ ၂၀၀၈ ခုနှစ် ဧပြီလ (၁၀)ရက်နေ့က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် UCPN-Maoist ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၂၀) ရရှိခဲ့ပြီး Nepali Congress ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၁၀)သာ ရရှိခဲ့ကြောင်း မှတ်သားရပါသည်။

ယခု ရွေးကောက်ပွဲတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်သည့် အစိုးရဝန်ထမ်းပေါင်း (၂၁၇,၄၅၆)ဦးရှိပြီး ရွေးကောက်ပွဲ ကုန်ကျစရိတ် စုစုပေါင်းရူပီးငွေ ၄ ဒသမ ၈၄ ဘီလီယံ ရှိကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းပေါင်း (၄၉)ဖွဲ့မှ လေ့လာသူပေါင်း (၃၀,၆၆၇)ဦးက လေ့လာခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပါသည်။

## ထူးခြားချက်များ

(၁) နိုင်ငံသားမှတ်ပုံတင်ရှိသည့် ဘုန်းကြီးနှင့် သီလရှင်များ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း (၁၂,၁၄၇,၈၆၅)ဦးရှိသည့်အနက် ယောကျ်ား (၅,၉၈၀,၈၈၁)ဦး၊ မိန်းမ (၆,၁၆၆,၈၂၉) ဦးနှင့် Third Gender (၁၅၅)ဦးရှိသည်။ Third Gender ဆိုသည်မှာ - မိမိကိုယ်ကို ယောကျ်ား/မိန်းမဟု မပြောလို သူများ (ဥပမာ - မိန်းမလျှာ/ယောကျ်ားလျှာ)နှင့် ယောကျ်ားဘဝ/မိန်းမဘဝ ပြောင်းထားသူများဖြစ်သည်။ Third Gender နှင့်သက်ဆိုင်သည့် ဥပဒေကို နီပေါနိုင်ငံတွင် ၂၀၀၇ ခုနှစ်က ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

(၃) မည်သည့်နီပေါနိုင်ငံသား တစ်ဦးတစ်ယောက်မျှ (ပြည်ပတွင်ရောက်ရှိနေသည့် နီပေါနိုင်ငံသားများရော ပြည်တွင်းရှိ နီပေါနိုင်ငံသားများပါ) ကြိုတင်ဆန္ဒမဲ (Advance Voting) ပေးပိုင်ခွင့်မရှိပါ။ တစ်နည်းအားဖြင့်ပြောရလျှင် နီပေါနိုင်ငံ ရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲလုံးဝမရှိပါ။ တာဝန်အရခရီးသွားနေရသည့်ဝန်ထမ်းများ ခရီးလွန်နေသူများအား ရွေးကောက်ပွဲကျင်းပသည့်နေ့၌ PR မဲပုံးတွင် မိမိရောက်ရှိသည့် မည်သည့်ဒေသ၌မဆို ဆန္ဒမဲ ပေးနိုင်စေရေးအတွက် သီးသန့်မဲရုံများကို စီစဉ်ပေးထားသည်။

(၄) လူတစ်ဦးသည် မဲဆန္ဒနယ် နှစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပိုင်ခွင့်ရှိသည်။ အကယ်၍ နှစ်နေရာလုံးတွင် အနိုင် ရရှိပါက ၄င်းကြိုက်နှစ်သက်သည့် မဲဆန္ဒနယ်ကို ရွေးချယ်ပိုင်ခွင့်ရှိပြီး ကျန်မဲဆန္ဒနယ် တစ်နယ်အတွက် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပပေးသည်။ ယခုရွေးကောက်ပွဲတွင် Nepali Congress ပါတီမှ ဥက္ကဋ္ဌ ဖြစ်သူသည် Chitwan ခရိုင်ရှိ မဲဆန္ဒနယ်အမှတ်(၄)နှင့် Banke ခရိုင်ရှိ မဲဆန္ဒနယ်အမှတ်(၃) နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့ပါသည်။ ထိုနည်း တူပင် CPN-UML ပါတီမှ ဒုတိယဥက္ကဋ္ဌ သည်လည်း Pyuthan ခရိုင်ရှိ မဲဆန္ဒနယ် အမှတ်(၁)နှင့် Bardiya ခရိုင် ရှိ မဲဆန္ဒနယ် အမှတ်(၁) နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့သည်။ ထို့ပြင် Nepali Congress ပါတီမှ ခေါင်းဆောင်တစ်ဦး နှင့် CPN-UML ပါတီမှ ဥက္ကဋ္ဌဟောင်း တို့သည်လည်း မဲဆန္ဒနယ် နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့ကြသည်။

(၅) ရွေးကောက်ပွဲကျင်းပခြင်းအတွက် အစိုးရရုံးများအားလုံး (၄)ရက်ပိတ်သည်။ ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)မှ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) အထိဖြစ်သည်။ နီပေါနိုင်ငံ၏ ရုံးပိတ်ရက်သည် စနေနေ့ဖြစ်ပြီး သောကြာနေ့ညနေ (၃) နာရီရုံးဆင်းသည်။ ရုံးချိန်မှာ နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိဖြစ်သည်။ မဲဆန္ဒရှင်များအားလုံး မိမိ၏မဲစာရင်း ရှိသည့်ဒေသ၌သာ မဲပေးနိုင်သဖြင့် အစိုးရဝန်ထမ်းများအား မိမိ၏နေရပ်ဒေသသို့ သွားရောက်မဲပေးနိုင်အောင် စီစဉ်ပေးခြင်းဖြစ်သကဲ့သို့ မဲရုံများတွင်တာဝန်ကျသည့် ဝန်ထမ်းများအတွက်ပါ ထည့်သွင်းစဉ်းစားပေးခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ (ကမ္ဘောဒီးယားနိုင်ငံတွင်မူ မိမိနေရပ်သို့ ပြန်၍ မဲပေးလိုသည့် အစိုးရဝန်ထမ်းများအား ဆန္ဒမဲပေးနိုင်ရန် ခွင့် သုံးရက် ပေးကြောင်း မှတ်သားဖူးပါသည်။)

(၆) နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကာလတွင် စည်းရုံးရေးဆင်းသည့် ပါတီဝင်များအား အရက်သေစာ သောက်စား ခြင်း မပြုကြရန် ရွေးကောက်ပွဲကော်မရှင်က "နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ်" တွင် ထည့်သွင်းတားမြစ် ထားသည်။

(၇) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အရက်ရောင်းချခြင်းလုံးဝခွင့်မပြုရုံသာမက မြို့တွင်းမှ စားသောက်ဆိုင်ကြီးများအား လုံးကို ပိတ်ထားခိုင်းထားသည်။

(၈) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် နံနက် (၅) နာရီမှ ည (၁၂) နာရီအထိ တာဝန်အရသွားလာရသည့် ယာဉ်များနှင့် အထူးခွင့်ပြုထားသည့်ယာဉ်များမှအပ ယာဉ်အားလုံးသွားလာခြင်းမပြုရန် တားမြစ်ထားသည်။

စာရေးသူသည် နီပေါနိုင်ငံရွေးကောက်ပွဲအား ကာတာစင်တာ၏ နိုင်ငံတကာလေ့လာအကဲခတ်သူ တစ်ဦးအဖြစ် (၁၀)ရက်ကြာ ကြည့်ရှုလေ့လာခွင့် ရရှိခဲ့သဖြင့် ယင်းနိုင်ငံမှ ရွေးကောက်ပွဲ၏ အားသာချက်များနှင့် အားနည်းချက်အချို့ကို တွေ့မြင်သိရှိခဲ့ရပါသည်။ ထို့ပြင် နီပေါရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားနိုင်ငံများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်နာများ၊ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ အပါအဝင် ရွေးကောက်ပွဲအတွေ့အကြုံရှိသည့် ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးခွင့်၊ နားထောင်ခွင့် ရရှိခဲ့ခြင်းကြောင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နီပေါနိုင်ငံနှင့် အခြားနိုင်ငံများမှ ရွေးကောက်ပွဲအတွေ့အကြုံများကို အခြေခံလျက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လေ့လာအကဲခတ်သူများနှင့် မီဒီယာများ ပူးပေါင်းကာ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီများကိုရယူပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန် အရေးကြီးပါသည်။ ဤသို့ တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို **"လွတ်လပ်မျှတ၍ ဘက်လိုက်မှုကင်းပြီး ထင်သာမြင်သာရှိကာ အားလုံးပါဝင်နိုင်အောင် ကျင်းပနိုင်မည်ဖြစ်ခြင်းကြောင့် အများယုံကြည်လက်ခံသော ရွေးကောက်ပွဲ"** ဖြစ်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ဦးဝင်းကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၀၁၊ ၀၉-၈၃၀-၄၁၃၈